၂၀၂၁ ဧပြီလ ၂၄ ရက်၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံခေါင်းဆောင်များအစည်းအဝေးနှင့်ပတ်သက်၍

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၏ ထုတ်ပြန်ကြေညာချက်

၁။ ဂျာကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဘရူနိုင်းနိုင်ငံ ဘုရင် ဆူတန်ဟာဂျီဟာဆာနဲ ဘိုခီမူဇာအာဒင်ဝဒူလာနှင့် ယမ်ဒီပါတူဝမ်တို့မှ ထုတ်ပြန်သည့်စာကို မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) အနေဖြင့် လေးနက်စွာ ဖတ်ရှုသုံးသပ်ရပါသည်။

၂။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မတရား အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အာဆီယံအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် လုပ်ရပ်အဆင့်ဆင့်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ဝန်ကြီးချုပ်အနေဖြင့် ဂရုပြုစောင့်ကြည့် နေခဲ့ပါသည်။ အာဆီယံခေါင်းဆောင်များ အစည်းအဝေး၌မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့်ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် သက်ဆိုင်သော အရေးကြီး အာဆီယံ လူ့အဖွဲ့အစည်းတည်ဆောက်ရေး ကိစ္စရပ်များ၊ ကိုဗစ် ၁၉ ကပ်ရောဂါဒဏ်မှ ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် အခြား အရေးကြီးကိစ္စရပ်များ ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။ ၎င်းကိစ္စရပ်များသည် ယနေ့ကာလ မြန်မာပြည်သူလူထုခံစားနေရသော ဆင်းရဲဒုက္ခများ ကဲ့သို့ပင် အရေးပါသောကိစ္စရပ်များ ဖြစ်ပါသည်။ သို့သော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယခုချိန်ထိ စစ်ကောင်စီ၏ မြန်မာလူထုအပေါ် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်နေသည့်လုပ်ရပ်အား လုံးဝ တုံ့ပြန်မှုမရှိသည်ကို မြင်တွေ့ရသည်။ ဖေဖော်ဝါရီလ ၂၀၂၁ မှ စပြီး လူ့အသက်ပေါင်း ၈၀၀ နီးပါးအသတ်ခံခဲ့ရပြီး ဖြစ်ကာ နိုင်ငံတော် သမ္မတကြီး ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လူပေါင်း ၃၀၀၀ ကျော်အား မတရားဖမ်းဆီး ထိန်းသိမ်းခံထားရပြီးလည်း ဖြစ်ပါသည်။

၃။ ထိုသို့ မတရားပြုကျင့်မှုများနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကို ဝီဒိုဒို၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် တန် ရှရီ ဒါတို ဟာဂျီ မဟာဒင် ဘင်မဒ် ရာဆင်၊ စင်္ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းမှ နိုင်ငံရေးအကျဉ်းသမားများ လွှတ်ပေးရေးကို အစဉ်မပြတ် တောင်းဆိုခဲ့သလို အာဆီယံနိုင်ငံ ခေါင်းဆောင်များတက်ရောက်သည့် ထိပ်သီး အစည်းအဝေးပွဲတွင်လည်း ထပ်မံ တောင်းဆိုခဲ့သည်ဟု သိရပါသည်။

၄။ စစ်အုပ်ချုပ်ရေးအောက်တွင် မြန်မာပြည်သူလူထုတို့၏ နေ့စဉ်နှင့်အမျှခံစားနေရသည်များကို NUG အနေဖြင့် အခြားအာဆီယံအစိုးရများသို့ တင်ပြခွင့်မရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ သို့သော် စစ်ကောင်စီ၏ ကိုယ်စားလှယ်မှ တက်ရောက်ခွင့်ကို အသုံးချ၍ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်တည်ငြိမ်ရေးကို ပြုလုပ်နေသည့် သဃောင်တင်ပြသွားသည်။ မျက်မြင်သက်သေနှင့် စနစ်တကျမှတ်တမ်းတင်မှုများ အရ ဤသို့မဟုတ်ကြောင်း ထင်ရှားပါသည်။

၅။ NUG သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ်ထားရှိသော စေတနာကို တန်ဖိုးထားသော်လည်း၊ ၂၀၂၁ ခုနှစ်ဧပြီလ ၂၄ ရက် အာဆီယံခေါင်းဆောင်များ အစည်းအဝေးမှ ထွက်ပေါ်လာသော သဘောတူညီမှု အချက်(၅)ချက်ကို နောက်ဆက်တွဲ အကောင်အထည်ဖော်ရာတွင် စစ်တပ်၏ မမှန်မကန် လှည့်ဖြားမှုများကြောင့် အခက်အခဲဖြစ်မည်ကို ကျွန်ုပ်တို့အလွန်စိုးရိမ် ပူပန်လျက်ရှိသည်။

၆။ အာဆီယံအဖွဲ့သည် ညီညွတ်ခြင်းကိုတန်ဖိုးထား၍ လုပ်ကိုင်ဆုံးဖြတ်ကြမြဲဖြစ်သည်ဆိုသည်ကို NUG အစိုးရကနားလည်ပါသည်။ ယခုပေါ်ထွက်လာသော သဘောတူညီမှု(၅)ချက်သည် အာဆီယံအဖွဲ့ဝင် အချင်းချင်း အပြင်းအထန် ဆွေးနွေးညှိနှိုင်းထားမှု၏ရလဒ်ဖြစ်သည် ဆိုသည်ကိုလည်းနားလည်ပါသည်။ ယခုလက်ရှိ အနေအထားတွင် အာဆီယံအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံကို မည်သူမည်ဝါက ကိုယ်စားပြုခွင့် ရယူခဲ့သည်ကို ကြည့်ရှုခြင်းဖြင့် မြန်မာနိုင်ငံ၏လက်ရှိ အခြေအနေမှန်ကိုသော်လည်းကောင်း၊ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို သော်လည်းကောင်း NUG ကဲ့သို့ ဖော်ထုတ် ဆွေးနွေးပေးနိုင်ခဲ့သည့် အခြေအနေ မရှိဟု သုံးသပ်မိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏အခြေအနေကိုနားလည်ရန်နိုင်ရန် အတွက် NUG အစိုးရနှင့် မြန်မာ ပြည်သူများက အရေးကြီးသည်ဟု ယူဆသော အောက်ပါအချက်အလက်များကို ရှင်းလင်းပြော ကြားလိုပါသည်။

(က) အချက်(၅) ချက်ပါ သဘောတူညီချက်တွင် ပထမအချက်သည် "မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ပြီး သက်ဆိုင်သူများအားလုံးက ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန်"ဟုဆိုသည်။ သို့ရာတွင် ကျွန်ုပ်အလေးအနက် ပြောလိုသည်မှာ အကြမ်းဖက်မှုများသည် တစ်ဖက်တည်းကသာ ကျူးလွန်နေခြင်းဖြစ်သည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှစ၍ လက်နက်မဲ့ပြည်သူအပေါ်ကို သေစေနိုင်သောလက်နက်သုံးသူမှာ စစ်တပ်သာလျှင် ဖြစ်သည်။ အချက်(၅) ချက်ပါ သဘောတူညီချက်ထွက်ပေါ်ပြီး နာရီပိုင်းအတွင်းတွင်ပင် အိုးခွက်များ တီးပြီး ဆန္ဒပြ နေသော ပြည်သူများအား စစ်တပ်၏လုံခြုံရေးတပ်ဖွဲ့ဝင်များက အနိုင်ကျင့်နှိပ်စက်ခဲ့သည်။ ဤအချက်သည်ပင်လျှင် မြန်မာနိုင်ငံကိုယ်စားပြုသည်ဆိုသော စစ်အဖွဲ့မှ ၎င်းတို့ ကိုယ်တိုင် ကတိပြုခဲ့သောသဘောတူညီမှုကို ထင်ရှားစွာ ချိုးဖောက်ခြင်းဖြစ်သည်။

(ခ) အချက်(၅)ချက်ပါ သဘောတူညီချက်၏ဒုတိယအချက်သည် "သက်ဆိုင်သူများအကြား အပြုသဘောဆောင် သောတွေ့ဆုံဆွေးနွေးမှု" ကိုတောင်းဆိုရန်ဖြစ်သည်။ ဤသို့သောတွေ့ဆုံ ဆွေးနွေးမှုများ တွင် မပါမဖြစ် ပါဝင်သင့်သော အရေးကြီးအဖွဲ့အစည်းများစွာရှိပါသည်။ မဖြစ်မနေပါဝင်ရမည်မှာ မြန်မာပြည်သူကို အမှန်တကယ် ကိုယ်စားပြုသော NUG အစိုးရနှင့် အတူ အာဏာဖီ ဆန်ရေးလှုပ်ရှားမှု (CDM)ကို ကိုယ်စားပြုသူများနှင့် တိုင်းရင်းသား

လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) မှကိုယ်စားလှယ်များဖြစ်ပြီး သို့မှသာ စစ်တပ်ကိုဆန့်ကျင်သော ပြည်သူတရပ်လုံး၏ အသံကို အာဆီယံအဖွဲ့က ကြားသိနိုင်မည်ဖြစ်သည်။

၇။ အာဆီယံပဋိညာဉ်စာတမ်းပါ အာဆီယံလမ်းစဉ်အားလေးစားလျက် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသား များအား လက်ရှိအကျပ်အတည်းမှလွတ်မြောက်အောင် ကူညီရန် အာဆီယံမှမျှော်မှန်းထားသည် နှင့်အညီ NUG သည် အာဆီယံကိုယ်စားလှယ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးနှင့် အာဆီယံ၏အခြားကိုယ်စားလှယ်များ နှင့် စုပေါင်း၍သော်၎င်း တစ်ဦးချင်းအနေဖြင့်၎င်း ထိတွေ့ ဆက်ဆံရန်အဆင်သင့်ရှိသည်။

၈။ ဤရည်မှန်းချက်အတွက် ကျွန်ုပ်တို့အစိုးရ၏ရပ်တည်ချက်နှင့် အာဆီယံနှင့် မည်သို့ထိတွေ့ ဆက်ဆံမည် ဆိုသည့် အကြံပြုချက်များကို အလေးထားပြောကြားလိုပါသည်။

(က) မကြာသေးမီကကျင်းပသော အာဆီယံခေါင်းဆောင်များအစည်းအဝေးတွင် အာဆီယံ ဥက္ကဋ္ဌက အာဆီယံအသိုင်းအဝိုင်း၏ အားသာချက်များကို အထူးဂရုပြုပြောဆိုခဲ့ခြင်းကို မိမိတို့ နှစ်ထောင်းအားရမိပါသည်။ "အာဆီယံဒေသတွင်းတွင် ပြည်သူကိုဗဟိုပြုရေး၊ ဒေသတွင်း ငြိမ်းချမ်းမှုခိုင်မာရေး၊ နှင့် တည်ငြိမ်သော စီးပွားရေးနှင့် လူမှုဘဝတိုးတက် မြင့်မားစေရေး” အစရှိသည့် အာဆီယံ၏ကတိကဝတ်များကို မိမိတို့ NUG ကလည်း သဘောထားထပ်တူထပ်မျှ ရှိပါသည်။ မိမိတို့ NUG အစိုးရသည် မြန်မာ ပြည်သူလူထုများ၏ တရားဝင် ရွေးကောက်ခံ ထားရသည့် ရွေးကောက်ခံကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသည့် ရွေးကောက်ခံ အစိုးရ ဖြစ်သလို၊ မြန်မာ ပြည်၏ ဒီမိုကရေစီအင်အားစုလည်းဖြစ်သဖြင့် မိမိတို့ အစိုးရသာလျှင် မြန်မာ ပြည်သူလူထုအား အာဆီယံ၏ သဘောထားများနှင့် ကတိကဝတ်များအား ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

(ခ) အာဆီယံ ပဋိညာဉ်၏ မဖြစ်မနေ လေးစားလိုက်နာရမည့် စည်းကမ်းများအား လေးစား လိုက်နာမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောဆိုခဲ့သည့် အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဤစာ၏ စာပိုဒ်(၂)တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုသည် အခြေခံဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မညီ၍ အာဆီယံအဖွဲ့အနေဖြင့် စစ်ကောင်စီနှင့် ဆက်သွယ် ဆောင်ရွက်နေခြင်းသည် အာဆီယံ ပဋိညာဉ်တွင် ကတိပြုထားသည့် "ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်သော အစိုးရများ၏ စည်းမျဉ်းများ" အားအလေးမထားသလိုဖြစ်နေခြင်းကို NUG အစိုးရအနေဖြင့် အထူး စိုးရိမ်မကင်း ဖြစ်ရပါသည်။

(ဂ) မြန်မာပြည်အရေးနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့် ရလဒ်တစ်ခု ထွက်ပေါ် လာရန်အတွက် အာဆီယံအထူးကိုယ်စားလှယ် စေလွှတ်မည့်ကိစ္စတွင် မိမိတို့နေဖြင့် အာဆီယံ နှင့် အတူလက်တွဲ ဆောင်ရွက်လိုပါသည်။ မိမိတို့ NUG အစိုးရသည် မြန်မာနိုင်ငံ့အရေးတွင် အဓိကအကျဆုံးကဏ္ဍမှပါဝင်နေသူ ဖြစ်သည့်အတွက် အာဆီယံအထူးကိုယ်စားလှယ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်သည့်နေရာတွင် NUG သဘောထားကိုရယူရန် အထူးတိုက်တွန်းလိုပါသည်။

(ဃ) မြန်မာ့ပြည်တွင်းရေးအတွက် အဓိက ကဏ္ဍတွင် ပါဝင်ပတ်သက်သူများအချင်းချင်း အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများဖြစ်စေလိုသည့် အာဆီယံ၏ဆန္ဒကို အသိအမှတ်ပြုပါသည်။ သို့သော် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများမစခင် နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်နှင့် ထိန်းသိမ်းခံနိုင်ငံရေး အကျဉ်းသားများအားလုံးအား ခြွင်းချက်မရှိ လွှတ်ပေးရမည်ဖြစ်သည်။

(င) အာဆီယံ၏ လူသားချင်းဆိုင်ရာ အကူအညီပေးရေး လုပ်ဆောင်မည့် အစီအမံများအား မိမိတို့ အစိုးရအနေဖြင့် ကြိုဆိုပါသည်။ သို့ရာတွင် လူသားချင်းဆိုင်ရာ အကူအညီ အထောက်အပံ့များသည် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော အခြေအနေများ၏ အဓိက အကြောင်းအရင်းများအား အလုံးစုံဖြေရှင်းနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာပြည်သူများ အားထောက်ပံ့မည့် လူသားချင်းဆိုင်ရာ အကူအညီများပေးမည့် အစီအစဉ်များအတွက် မိမိတို့ NUG အစိုးရ၏ အကြံဉာဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုများအား လက်ခံပါရန် အထူးပြောကြားလိုပါသည်။

(စ) အာဆီယံအနေဖြင့် စစ်ကောင်စီက အချက်(၅)ချက်ပါ သဘောတူညီချက်တွင် ပါဝင်သော အချက်အလက်များအား လိုက်နာခြင်း ရှိမရှိ၊ အမြဲမပြတ်စောင့်ကြည့်ရန် ကြပ်မတ်သည့် နည်းစနစ်တစ်ခု ရှိရမည်ဖြစ်ကြောင်းကိုလည်း မိမိတို့ NUG အစိုးရက အထူးအလေးထား တိုက်တွန်းလိုပါသည်။

၂၇ ဧပြီလ ၂၀၂၁ခုနှစ်

မန်းဝင်းခိုင်သန်း

ပြည်ထောင်စုဝန်ကြီးချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ